သန်းတောင်ကျေးရွာ
လင်းကင်းကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
သန်းတောင်ကျေးရွာ၊ လင်းကင်းကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြမြေပုံ၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၀
၈။	ကျန်းမာရေး	၁၀
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၁
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၁
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၂
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၃
နောက်ဆက်တွဲ		

	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၈၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှု ကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဘောလပတ်ကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်



ဘောလပတ်ကျေးရွာရာသီခွင်ပြ ပြကွဒိန်၊ ညောင်ရွှေမြို့နယ်



ဘောလပတ်ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများ ဆက်စပ်မှုပြပုံ၊
ညောင်ရွှေမြို့နယ်



အပိုင်း (က)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘောလပတ်ကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ညောင်ရွှေမြို့၏ အရှေ့တောင်ဘက် (၁၁)မိုင်အကွာ တွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လွယ်ခေါ့ကျေးရွာ၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့တွင် တောင်တန်းနှင့်သစ်တောများ တည်ရှိနေပါသည်။ တောင်ပေါ်ဒေသဖြစ်ပြီး ကျေးရွာတွင် ပအိုဝ်လူမျိုးများ အများဆုံးနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဘောလပတ်ကျေးရွာ၏ ရွာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁၂၃)ဧကနှင့် စားကျက်မြေ(၂.၅)ဧက စုစုပေါင်း(၁၂၅.၅) ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဘောလပတ်ကျေးရွာ တွင် ဓါတ်သတ္တုနှင့်အခြား သဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။ ရွာ၏ အနောက်ဖက်တွင် တောင်တန်းရှိပါသည်။သစ်တောများ ပြုန်းတီးမှုများလာသဖြင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များအား ယခင်ကတွေ့ရှိရသော်လည်း ယခုအခါရှားပါးနေပြီ ဖြစ်ပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ဘောလပတ်ကျေးရွာတွင် အိမ်ခြေ(၆၇)ရှိပြီး လူဦးရေပေါင်း(၂၄၉)ဦးရှိသည်။ အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ဘောလပတ်ကျေးရွာတွင် ပအိုဝ်လူမျိုးများ အများဆုံး နေထိုင်ကြပါသည်။ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးအများစုသည် မူလတန်းအဆင့်သာ ကျောင်းတက်ကြပါသည်။ထို့ကြောင့် မူလတန်းကျောင်းထွက် ဦးရေများပြား လျက်ရှိပါသည်။ အထက်တန်းရောက်ရန် နီးစပ်ရာညောင်ရွှေမြို့၊ နန်းပန်တို့တွင် သွားရောက်၍ ဆက်လက်ပညာသင်ကြားကြပါသည်။ ငွေကြေးမတတ်နိုင်သောကြောင့် အထက်တန်းတက်ရောက်

သူ အနည်းငယ်သာ ရှိပါသည်။ ဘောလပတ်ကျေးရွာရှိ လူဦးရေ၏ (၆၅)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်နိုင်မှု အားကောင်းလျက် ရှိပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

ဘောလပတ်ကျေးရွာတွင် လူငယ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့စသည့် အဖွဲ့များရှိပါသည်။ ကျေးရွာရှိ လူငယ်အဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက် ကြပါသည်။ ဓမ္မစကြာအဖွဲ့သည် ကျေးရွာ၏ဘာသာရေးကို ဦးဆောင်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ဇယား:

ဘောလပတ်ကျေးရွာတွင် အဓိကအားဖြင့် လယ်စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ စိုက်ပျိုးရေးတွင် စပါးနှင့်လိမ္မော်တို့ကို အဓိကစိုက်ပါသည်။ ပြင်ပကုမ္ပဏီတွင် အလုပ်လုပ်ကိုင်သူ (၇)ဦးရှိပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်လယ်မြေနှင့် ဥယျာဉ်ခြံတွင် စိုက်ပျိုးကြပြီး မြေယာပိုင်ဆိုင်မှုသည် ကျေးရွာရှိအိမ်ခြေနှင့် မျှတမှုမရှိသဖြင့် ဆင်းရဲသော အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု(၇)စုသည် ဝင်ငွေနဲပါးသဖြင့် အပြင်ကုမ္ပဏီအလုပ်ဖြင့် အသက်မွေးကြပါသည်။

ကျေးရွာရှိ လယ်ယာမြေများကို နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။ မိမိတို့ စိုက်ပျိုးရန် တတ်နိုင်သော ဇကထိ စပါးများကို အဓိကထားစိုက်ပျိုးကြပါသည်။ ကျေးရွာရှိအိမ်ထောင်စု အများစုမှာ မြေယာပိုင်ဆိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စု(၇)အိမ် ရှိပါသည်။

စိုက်ပျိုးရေရရှိရန် ချောင်းရေဖြင့်စိုက်ပျိုးခြင်းကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စပါးနှင့် လိမ္မော်သီးနှံကို အဓိကစိုက်ပျိုးကြပါသည်။ ပုံမှန်အားဖြင့် ရာသီဥတု အခြေအနေ မှန်ကန်မှုအပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

တောင်ပေါ်ဒေသဖြစ်သောကြောင့် အဆင့်မြှင့်စိုက်ပျိုးရေးသုံးစက်ကိရိယာများ ပိုင်ဆိုင် သုံးစွဲနိုင်မှုမှာ လက်တွန်းထွန်စက်(၃)စီးနှင့် မြက်ရိတ်စက်(၁၁)ခုရှိပြီး အများစုသည်မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုစိုက်ပျိုးကြပါသည်။ နွားများ၊ လူလုပ်သားဖြင့် စိုက်ပျိုး ကြပါသည်။ လယ်မြေ/ ဥယျာဉ်ခြံမြေများတွင် သဘာဝမြေဩဇာများကို အနည်းငယ်သာသုံးစွဲနိုင်ပြီး ဓါတ်မြေဩဇာများကို အများဆုံးအသုံးပြုကြပါသည်။ ဓါတ်မြေဩဇာများကိုလည်း ညောင်ရွှေမြို့တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို ညောင်ရွှေမြို့တွင် ရောင်းချနိုင်သည်။

ဆေးဆိုင် များမှရောင်းချသည့်ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပိုးသတ်ဆေးသုံး ၍ မိမိတို့၏စိုက်ခင်များကို ကာကွယ်ကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးကျရောက်မှု များ သဖြင့် နီးစပ်ရာ မြို့နယ်စိုက်ပျိုးရေးဌာနနှင့် ဆက်သွယ်၍ နည်းပညာတောင်းခံရသည့်နှစ်လည်းရှိ ပါသည်။ ယခုနှစ်တွင် ရာသီဥတုမမှန်သောကြောင့် အပင်များလောင်ကျပျက်စီးမှုရှိသည်။ ချေးငွေကို ကျေးရွာအတွင်းရှိ ချေးငွေထုတ်ချေးပေးသူများထံနှင့်ဆွေမျိုးများထံတွင်သာ ချေးယူရရှိကြပြီး အချို့ အတိုးမဲ့နှင့် အချို့အတိုးနှုန်း(၅%)နှုန်း ပေးရသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ရပါသည်။ သီးနှံများ ဆုံးရှုံးမှုများဖြစ်ပါက ပေးဆပ်ရန် ခက်ခဲကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွား၊ ဝက်၊ ကြက်စသည်တိရစ္ဆာန်တို့ကို အနည်းငယ်သာ မွေးမြူထား ကြပါသည်။ စားကျက်မြေ အသင့်သင့်ရှိပါသည်။ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ကြခြင်းမရှိပါ။ မွေးမြူရေးလုပ်ကိုင်ရန် နည်းပညာဝန်ဆောင်မှုများနှင့် မြေနေရာသည် အဓိကအခက်အခဲ ဖြစ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းပါသည်။

(၈) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းမှလွဲ၍ အခြားအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း မရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေများကို အစိုးရဘဏ်နှင့်ပြင်ပ အဖွဲ့အစည်းတို့တွင် ရယူခြင်းမရှိပါ။ ကျေးရွာအတွင်းရှိ ချေးငွေပေးချေးသူနှင့် ဆွေမျိုးများထံတွင်သာ အတိုးရငွေ(၅%)ဖြင့် ချေးငွေရရှိနိုင်သည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် မော်တော်ဆိုင်ကယ်အများဆုံးရှိပြီး ထွေလာဂျီနှင့် မော်တော်ကား အနည်းငယ်ရှိပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းမျှသာဖြစ်ပြီး လမ်းများမှာ မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ ရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းအဆင့်သာ ဖြစ်သောကြောင့် အဆင့်မြှင့်တင်ပြုပြင်သင့်ပါသည်။ သီးနှံ ထွက်ကုန်များကို ကား၊ ထွေလာဂျီနှင့် မော်တော်ဆိုင်ကယ်တို့ဖြင့် သယ်ယူကြပါသည်။ အချို့သည် လူဖြင့်သာ သယ်ယူကြပါသည်။ လူဖြင့် သာသယ်ရာတွင် အချိန်ကုန်လူပင်ပန်း၍ အခက်အခဲများဖြစ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် အများစုသည် တစ်အိမ်သုံးဆိုလာစနစ်ကို အသုံးပြုကြပါသည်။ အိမ်ခြေ(၇) အိမ် သည် လျှပ်စစ်မီးအသုံးမပြုနိုင်သေးပါ။ မီးနှင့်ပတ်သက်၍ ပျက်စီးပါက ပြုပြင်ရန် အခက်အခဲရှိပါ သည်။

(၈) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးမှာ ညောင်ရွှေမြို့နယ်နှင့်နီးသောကြောင့် ဖုန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါသည်။

၇။ ပညာရေး

ကျေးရွာလူဦးရေ စုစုပေါင်း(၂၄၉)ဦးတွင် တက္ကသိုလ်အဆင့် ကျောင်းပြီးသူသာရှိခြင်းသည် ကျေးရွာ၏ပညာရေးအားနည်းမှုကို ဖော်ပြလျက်ရှိပါသည်။ အများအားဖြင့် မူလတန်း၊ တတ်မြောက် ပြီးလျှင် မိဘလုပ်ငန်းနှင့် ကျပန်းအလုပ်ဝင်ရောက်လုပ်ကိုင်ကြသည်မှာများသည်။ အထက်တန်းကို ညောင်ရွှေမြို့တွင်သာ သွားရောက်ပညာသင်ကြားကြရပါသည်။ ငွေကြေးတတ်နိုင်သူအနည်းစုသာ မိမိတို့၏ သား/သမီးများကို အခြားမြို့တွင်ထား၍ အထက်တန်းနှင့် အလယ်တန်း ပညာကို ဆက်လက်သင်ကြားစေပါသည်။ ထို့ကြောင့် အထက်တန်းပညာအဆင့် တတ်မြောက်ပြီးသူ နည်း သည်။

၈။ ကျန်းမာရေး

ကျန်းမာရေးအခြေအနေမှာ ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါသည် ရာသီ အလိုက် ဖြစ်ပေါ်တတ်ပြီး ဆီးချို၊ သွေးချို စသည့်ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျန်းမာရေးဌာနမရှိပါသဖြင့် ညောင်ရွှေမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ ကာကွယ် ဆေးထိုးနှံမှုအတွက် ကျန်းမာရေးဌာန၏ ဆရာ၊ ဆရာမများမှ လာရောက်ထိုးနှံပေးလျက် ရှိပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်အန္တရာယ်ရှိမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အလွန်အားနည်းပြီး အမှိုက်များအား ကျေးရွာပိုင်အမှိုက်ကျင်း သတ်မှတ်ပေးထားသော်လည်း စနစ် တကျမစွန့်ပစ်ကြသူများသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အခက်အခဲများ အနည်း ငယ်ရှိပါသည်။ အမှိုက်များကို စနစ်တကျမစွန့်ပစ်ကြသဖြင့် ကျေးရွာတွင် မွေးမြူထားသော တိရိစ္ဆာန် များနှင့် ပတ်ဝန်းကျင်များ ထိခိုက်အန္တရာယ်များ အနည်းငယ်ဖြစ်ပေါ်လျက် ရှိပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုတွင် အမျိုးသမီးများ တက်ကြွစွာပူးပေါင်း ပါဝင်မှုရှိသော်လည်း မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှု မရှိပါသည်။ ပအိုဝ်လူမျိုးများဖြစ်သောကြောင့် နေရာပေးရန် ယုံကြည်မှု မရှိခြင်း၊ ရှေးရိုးစွဲ အယူအဆများစသည်တို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက်

ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်များ အားနည်းသည်ကို တွေ့ရှိရပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် ဘာသာရေးပွဲကလွဲ၍ အခြားပျော်ပွဲရွင်ပွဲများကျင်းပပေးခြင်း မရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင် လုပ်ဆောင်ကြပါသည်။ လူငယ်များသည် အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမှီးရန် နေရာများမရှိသောကြောင့် လူငယ်များသည် အသိပညာများကိုယ်တိုင်လေ့လာခြင်းနှင့် စူးစမ်းရှာဖွေခြင်း အားနည်းနေသဖြင့် စာကြည့်တိုက်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များ ဖွဲ့စည်းထားခြင်း မရှိပါ။ တောင်ပေါ်ဒေသဖြစ်သောကြောင့် ရဲဘက်ဆိုင်ရာမှ အသိပညာပေး ဟောပြောပွဲများကဲ့သို့ ဝန်ဆောင်မှုများမရှိပါ။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မူခင်းဖြစ်ပွားမှု မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉
၁	ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်း	၁	√				
၂	(၄၀'× ၃၀'×၁၂')မူကြိုကျောင်းတည်ဆောက်ခြင်း	၂		√			
၃	(၂၄)နာရီမီးလင်းရေး လျှပ်စစ်မီးသွယ်တန်းခြင်း	၃			√		
၄	ကျေးလက်ဆေးပေးခန်းအုတ်တံတိုင်းတည်ဆောက်ခြင်း	၄				√	
၅	ဂါလံ(၁၀၀၀)ဆံ့ရေကန်တည်ဆောက်ခြင်းနှင့် ရေပိုက်(၁၄၀၀၀')သွယ်တန်းခြင်း	၅					√

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- သန်းတောင်ကျေးရွာ
ကျေးရွာအုပ်စု	- လင်းကင်းကျေးရွာအုပ်စု
မြို့နယ်	- ညောင်ရွှေမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)
စီမံချက်အမည်	**- ကျောက်ရောမြေခင်းခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
ဘောလပတ်ကျေးရွာသည် မြို့နှင့်ဝေးကွာသော တောင်ပေါ်ဒေသဖြစ်သောကြောင့် ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရန် ခက်ခဲသဖြင့် တစ်နှစ်ပတ်လုံးသွားလာရေးအဆင်ပြေစေရန်အတွက် ကျေးရွာတွင်းလမ်းအား ကျောက်ရောမြေခင်းခြင်းဆောင်ရွက်ရန်လိုအပ်ရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
ကျောင်းသား/သူများ၊ ကျေးရွာသူ/သားများအတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)	
ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက သွားလာရေးအဆင်ပြေလာစေမည့် အပြင် ကျေးရွာထွက်သီးနှံများသယ်ယူပို့ဆောင်ရေးအတွက်လည်း ကုန်ကျစရိတ်သက်သာ လာမည် ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)	
ကျောက်ရောမြေခင်းခြင်းလုပ်ငန်းအား ခန့်မှန်းကုန်ကျငွေကျပ်သိန်း(၁၅၀၀၀၀၀၀/) ဖြင့် ဆောင်ရွက် သွားပါမည်။	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**

• ၁၅၀၀၀၀၀/-(ငွေသား) • (ငွေသား) • (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၁၀	၁၃၉	၂၄၉	၁၆	၂၆	၁၃	၁၂	၆၇
အကျိုးခံစားမည့်သူ ဦးရေ	၁၁၀	၁၃၉	၂၄၉	-	-	-	-	-
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာသူ/သားများ
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - (၁.၁.၂၀၂၅)

(၃) စီမံချက် ပြီးစီးမည့် အချိန် - (၂၅.၂.၂၀၂၅)

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအတွင်း အသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှ အပိုင်း လိုက်နှိုးဆော်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်း အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးလက် ဆေးပေးခန်းရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာဌာနသို့ လွှဲပြောင်း ပေးသွားမည် ဖြစ်ပါသည်။

ဘောလပါတ်ကျေးရွာ၊ မိုင်းသောက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မွေးသက္ကရာဇ် (အသက်)	မှတ်ပုံတင်အမှတ်	တာဝန်	ဖုန်းနံပါတ်
၁	ဦးခွန်ရန်ရှင်း	ဦးအောင်ဆန်း	၃၅	၁၃/ညရန(နိုင်)၁၀၉၀၇၇	ဥက္ကဋ္ဌ	၀၉-၂၅၆၇၄၃၆၆၁
၂	ဦးခွန်မောင်ဟန်	ဦးအောင်ကိုး	၃၅	၁၃/ညရန(နိုင်)၁၀၉၀၇၅	အဖွဲ့ဝင်	၀၉-၄၅၆၁၆၃၅၆၉
၃	ဒေါ်ပြုံးချို	ဦးအောင်ကိုး	၂၈	၁၃/ညရန(နိုင်)၁၂၈၂၁၀	အဖွဲ့ဝင်	
၄	ဒေါ်စုလှိုင်နှင်း	ဦးစိုင်းလေး	၂၄	၁၃/ညရန(နိုင်)၁၆၄၉၃၂	အဖွဲ့ဝင်	၀၉-၄၂၉၇၃၂၇၃၆
၅	ဒေါ်ပြုံးကြည်	ဦးလွယ်	၂၅	၁၃/ညရန(နိုင်)၁၇၁၇၀၂	အဖွဲ့ဝင်	၀၉-၇၅၈၄၆၂၅၀၄
၆	ဦးမောင်ကောင်းကောင်း	ဦးညွန့်မောင်	၃၉	၁၃/ညရန(နိုင်)၀၈၃၉၁၆	အဖွဲ့ဝင်	၀၉-၂၅၆၄၁၇၈၄၆
၇	ဦးတင်အောင်	ဦးကိုနိုင်	၅၁	၁၃/ညရန(နိုင်)၀၇၁၁၁၃	အတွင်းရေးမှူး	၀၉-၄၂၃၂၈၀၇၂၂

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၂	၄
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၂	၁၀	၂၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆	၁၃	၁၉
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀	၂၅	၃၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၄	၅၆	၁၀၀
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁	၃	၄
စုစုပေါင်း		၇၅	၁၀၉	၁၈၄
စုစုပေါင်း အိမ်ထောင်စု				၃၅

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ် မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှအသက်(၁၅)နှစ် မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာ အသက်(၆၅) နှစ်ပြည့်အရွယ် နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ သန်းတောင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ စုစုပေါင်း လူဦးရေ၏ (၃) ပုံ (၂) ပုံကျော်ရှိပါသည်။ အသက်(၁၄)နှစ်အောက်ကလေးအသင့်သင့်ရှိပြီး သက်ကြီးရွယ်အို(၄)ဦးခန့်သာ ရှိကြောင်းတွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၂	၁၄၆	၁	မြင့် □ လတ်☑ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၂	၀	မြင့် □ လတ်□ နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် □ လတ်□ နိမ့်☑
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်☑
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင် သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်□လတ်□နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁	၂	၁	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၇	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၆၃	၁၄၈	၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ သန်းတောင်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း အဓိကထား အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ကျပန်းအလုပ်လုပ်ကိုင်သူ(၁)ဦးရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၂၀၀၀	၈၀၀၀	၁၀၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၀	၅၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × **၈**)

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာသည် ကျား၊ မ လုပ်အားခရရှိမှုမှာ ကွာဟမှု အနည်းငယ်သာရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်)		
လယ်မြေ	၅၆	ကောင်း □	သင့်☑	ညံ့ □
ယာမြေ / တောင်ယာမြေ	၁၀	ကောင်း □	သင့်□	ညံ့ □

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
ဥယျာဉ်ခြံမြေ		ကောင်း □ သင့်□ ညံ့ □
ကိုင်း/ ကျွန်းမြေ		ကောင်း □ သင့်□ ညံ့ □
ဓနိတောမြေ		ကောင်း □ သင့်□ ညံ့ □
စားကျက်မြေ		ကောင်း □ သင့်□ ညံ့ □
မြေလွတ်မြေလပ်		ကောင်း □ သင့်□ ညံ့ ☑
စုစုပေါင်း	၆၆	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာတွင် လယ်မြေအများဆုံးရှိပြီး မြေလွတ်မြေလပ်အနည်းငယ်ရှိပါသည်။ စိုက်ပျိုးလယ်မြေများသည် မြေဆီဩဇာအသင့်အတင့်သာရှိသော မြေများဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ□ သင့်□ နည်း□ မရှိ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ□ သင့်□ နည်း□ မရှိ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□ သင့်□ နည်း□ မရှိ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ□ သင့်□ နည်း□ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာသည် ကျောက်၊ သဲ၊ ကျောက်စရစ်များ၊ သဘာဝအပင်နှင့် တိရိစ္ဆာန်မျိုးစိတ်များမရှိပါသဖြင့် အသုံးချနိုင်မှု ခက်ခဲပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	**များ**	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) **အလွန်ကောင်း**	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၂၂	၁၃	၁၀

ရင်းမြစ်... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာသည် ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများပြားပြီး၊ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်အဆင်မပြေသောအိမ်ထောင်စု အနည်းငယ်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၆၇	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၂ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာတွင် ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀ % အဖြစ် အိမ်ထောင်စု(၃၁)စုအား လေ့လာဆန်းစစ်ခဲ့ရာ အများစုသည် တစ်နှစ်စာအတွက် ဝမ်းစာဖူလုံသော အိမ်ထောင်စုများပြားပြီး အိမ်ထောင်စုအနည်းစုကသာ ဆွေမျိုးများထံမှ ချေးယူခြင်းဖြင့် ဖြေရှင်းကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်		၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၁
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၁)ဦးရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁)စုရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၃	ရေကြီးခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၄	မိုးခေါင်ခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၅	အအေးလွန်ကဲခြင်း	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၆	မုန်တိုင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၇	ငလျင်	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၈	မီးဘေး	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၂	ငှက်ဖျားရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၃	တီဘီရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၇	လူကုန်ကူးခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ ရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာသည် ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် စားနပ်ရိက္ခာမဖူလုံမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုသည့် အတော်အသင့်ခံစားရပါသည်။ မီးဘေးနှင့်မြေပြိုမှု ရာသီအလိုက် အနည်းငယ်ဖြစ်ပွားတတ်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၁	လူနည်းစုလူမျိုးများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၅	ဆေးစွဲသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှု ရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ သန်းတောင်ကျေးရွာသည် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများအတွက် အုပ်စုလိုက်ခွဲခြားသတ်မှတ်ရာတွင် လူငယ်များသည် အရက်သေစာသောက်စားမှု အနည်းငယ်မျှသာရှိသဖြင့်ထိခိုက်သက်ရောက်မှုမရှိကြောင်း တွေ့ရသည်။ကျေးရွာရှိ အိမ်ထောင်စုများအနက်မှ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁)စုရှိပြီး ဆင်းရဲသောတောင်သူများပြားပါသည်။ မြေဆီဩဇာအရည်အသွေး မကောင်းခြင်းတို့ကြောင့် ထိခိုက်သက်ရောက်မှု အသင့်အတင့်ရှိကြောင်း တွေ့ရသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကြ်ာဝတ်ရွတ်အဖွဲ့	၁□ ၂ ☑ ၃ □	၀	၈	၈	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□
၂	လူငယ်အဖွဲ့	၁□ ၂ ☑၃ □	၆	၈	၁၄	ပညာရေး☑ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□
၃	ရပ်မိရပ်ဖ	၁□ ၂ ☑ ၃ □				ပညာရေး☑ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၄		၁□ ၂ □ ၃ □				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅		၁□ ၂ □ ၃ □				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၆		၁□ ၂ □ ၃ □				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□ ၂ □ ၃ □				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် သာရေးနာရေး/လူမှုဖွံ့ဖြိုးရေးအတွက် အမျိုးသမီးဓမ္မစကြာအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့တို့မှ အထောက်အကူပြု အဓိကဆောင်ရွက်ပေးလျက် ရှိပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဧယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြင်ပြဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၄၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၇	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား		တောင်သူလတ်
၅	၁၂.၅ဧကအထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၆၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာတွင် ဆင်းရဲသောတောင်သူ များပြားပြီး တောင်သူငယ်အချို့ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု(၇)ခုသည် ပြင်ပအဖွဲ့အစည်းနှင့်ကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□	ရှိ□ မရှိ□ မဖြေဆိုပါ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□	
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	၃၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□ မရှိ☑ မဖြေဆိုပါ□
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ	၁၂၃	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□ မရှိ☑ မဖြေဆိုပါ□

ရင်းမြစ်... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာတွင် စိုက်ပျိုးရေအတွက် ချောင်းရေကိုသာ အဓိကအသုံးပြုလျက်ရှိသဖြင့် စိုက်ပျိုးရေ လုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၉၈	တင်း	၅၀	၈၀	၆၅	မေ	ဇူလိုင်	မြင့်☑လတ်□ နိမ့်□	မြင့်□လတ်☑

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
									နိမ့်□
								မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
								မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
								မြင့်☑လတ်□ နိမ့်□	မြင့်□လတ်☑ နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဘောလပတ်ကျေးရွာတွင် စပါးကိုသာ အဓိကထား စိုက်ပျိုးကြပြီး တစ်ကေလျှင် ပျမ်းမျှ(၆၅)တင်း ထွက်ရှိလျက်ရှိပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၃	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၁၁	၀	၀	၀

ရင်းမြစ်... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း

လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူများမှ တောင်သူအချို့သည် လယ်ယာသုံးစက်ကိရိယာများ အသုံးမပြုကြဘဲ ရှေးယခင်က အသုံးပြုခဲ့ကြသည့် ပေါက်ပြား၊ တူးရွင်းတို့ကို အသုံးပြုစိုက်ပျိုးကြပြီး ခေတ်မီလက်တွန်းထွန်စက်ဖြင့် လုပ်ကိုင်သူ တောင်သူ အနည်းငယ်ရှိပါသည်။ အချို့တောင်သူသည့် အခြားသူများမှတစ်ဆင့် ထွန်စက်များ ငှါမ်းရမ်းအသုံးပြုလျက်ရှိပါသည်။ မြက်ရိတ်စက် ပိုင်ဆိုင်သူ(၁၁)ဦး ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☑ ရနိုင်သည်☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာသည် သီးနှံစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးရေးအရင်းအမြစ် သီးနှံမျိုးစေ့ရရှိနိုင်မှုနှင့် ဓါတ်မြေဩဇာများနှင့် စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများ အလွယ်တကူ ရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)**
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြား ဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်စျေးကွက် မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ အနည်းငယ်☑ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာသည် ရာသီဥတုမမှန်ခြင်း၊ လယ်ယာမြေတိုးချဲ့နိုင်မှု မရှိခြင်းနှင့် စိုက်ပျိုးရေ အရင်းအမြစ် အလွယ်တကူ မရှိနိုင်ခြင်းကြောင့် သီးနှံထုတ်လုပ်မှု အနည်းငယ်မျှသာ ထုတ်လုပ်နိုင်လျက်ရှိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၈	၂၃
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၁	၂
ကြက်	၃၀	၁၀၀
ဘဲ	၂	၁၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။သန်းတောင်ကျေးရွာသည် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိပါစားသုံးရန်နှင့် မိသားစုဝင်ငွေတစ်ဖက်တစ်လှမ်းရရှိရန်အတွက် ကြက်ကို အများဆုံးမွေးမြူထားပြီး ဝက်ကို အိမ်ထောင်စု အနည်းငယ်မှ မွေးမြူထားသည်ကို တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ□ အသင့်အတင့်☑ မဖြေဆိုပါ□
ရေရရှိမှု	အလုံအလောက်ရနိုင်□ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☑ မဖြေဆိုပါ□
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်□ ချေးငွေအသင့်အတင့်ရနိုင်☑ မဖြေဆိုပါ□
သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□ သွင်းအားစုများဝယ်ယူနိုင်သည်☑ မဖြေဆိုပါ□
ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်□ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်☑ မဖြေဆိုပါ□
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☑ ထုတ်ကုန်များကိုရောင်းချနိုင်သည်□ မဖြေဆိုပါ□
